## စေတနာ့ဝန်ထမ်း လုပ်လိုပါသလား။

စေတနာ့ဝန်ထမ်းလုပ်ချင်ရင် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

ကျွန်ုပ်တို့ရုံးက။ ။
Volunteer Centre Sheffield The Circle
33 Rockingham Lane Sheffield S1 4FW
Call James – **0114 253 6655/51** Paul – **0114 253 6650**
Email: **refugee@vas.org.uk** **p.harvey@vas.org.uk**

**Conversation Club / Drop in** ကိုလာပါ။
ဗုဒ္ဓဟူးနေ့တွေပဲ နေ့လယ် 2 နာရီက - 4 နာရီ
Crucible Theatre နားက တောင်းစင်တာက Victoria Hall Methodist Church မှာ အီးမေးလ်။ ။




## စေတနာ့ဝန်ထမ်းများ၏ ပြန်လည်ပြောဆိုချက်

လူတွေက
- အဆက်အသွယ်နဲ့ ကွန်ယက်အသစ်တွေ ရယူနိုင်မှု (၈၆ ရာခိုင်နှုန်း) တိုးတက်သွားတယ်
- မိမိတို့ တိုးတက်မှု (၈၂ ရာခိုင်နှုန်း) တိုးတက်သွားတယ်
- သူတပါးအပေါ်ယုံကြည်မှု (၈၁ ရာခိုင်နှုန်း) တိုးတက်သွားတယ်
- ယူကေမှာ ပူးပေါင်းပါဝင်နေထိုင်မှုစိတ်ဓာတ် (၇၅ ရာခိုင်နှုန်း) တိုးတက်သွားတယ် လို့ပြောကြပါတယ်။

- စေတနာ့ဝန်ထမ်း ၉၆ ရာခိုင်နှုန်းက စေတနာ့ဝန်ထမ်းစင်တာကရတဲ့အထောက်အပံ့တွေက သူတို့ အတွက် စေတနာ့ဝန်ထမ်းအခွင့်အရေးတွေ ရှာယူဖို့နဲ့ စေတနာ့ဝန်ထမ်း စလုပ်ဖို့အတွက် အရေးပါတယ်လို့ ပြောကြပါတယ်။

နောက်ထပ်အချက်အလက်တွေ သိဖို့ ကျွန်ုပ်တို့ရဲ့ အင်တာနက်စာမျက်နှာမှာ ဖတ်ကြည့်ပါ။ ။
www.vas.org.uk/refugee_asylum_project.htm

voluntary action sheffield
www.vas.org.uk

Supported by
The National Lottery®
through the Big Lottery Fund
BIG LOTTERY FUND

Burmese

# Volunteer Centre Sheffield

## သင်ဟာ ဒုက္ခသည် ဒါမှမဟုတ် ခိုလှုံခွင့်တောင်းခံသူ တယောက်လား။


မသန်မစွမ်းသူတယောက်ကို စေတနာ့ဝန်ထမ်းတယောက်က လဲနဒ် ချက်ရှိုင်းယား Leonard Cheshire မှာ အကူအညီပေးပါတယ်။

## သင့်ရဲ့ ကျွမ်းကျင်မှုပညာတွေ သုံးပါ – ကျွမ်းကျင်မှုပညာသစ်တွေ သင်ယူပါ။ ကူညီကြည့်ပါ/ စေတနာ့ဝန်ထမ်း လုပ်ကြည့်ပါ။

စေတနာ့ဝန်ထမ်းအလုပ်က အဖွဲ့အစည်းတရပ် ဒါမှမဟုတ် အုပ်စုတစုကို ကူညီတာဖြစ်ပါတယ်။ သူတပါးကို ကူညီရင်း သင့်အတွက် အောက်ပါအထောက်အကူတွေ ရနိုင်ပါတယ် –

- ကျွမ်းကျင်မှုပညာသစ်တွေ သင်ယူနိုင်ပါတယ် – အခမဲ့သင်တန်းတွေ တက်နိုင်ပါတယ်။
- လူသစ်တွေနဲ့တွေ့ ပြီး – မိတ်ဆွေသစ်တွေ ရနိုင်ပါတယ်။
- အင်္ဂလိပ်စာ တိုးတက်လာနိုင်ပါတယ်။
- အလုပ်အကိုင်ရရေး အထောက်အကူဖြစ်ဖို့ ထောက်ခံစာ ရနိုင်ပါတယ်။

# ဒုက္ခသည်များနှင့်ခိုလှုံခွင့်တောင်းခံသူများအတွက် စေတနာ့ဝန်ထမ်းလုပ်ရန် အခွင့်အလမ်းများ

ဒုက္ခသည်တွေနဲ့ ခိုလှုံခွင့်ရှာသူတွေအတွက် အကျိုးရှိမယ့် စေတနာ့ဝန်ထမ်း အခွင့်အလမ်းတွေ ရရှိအောင် Volunteer Centre Sheffield New Beginning Project က ကူညီဖို့ ရှိနေပါတယ်။

Voluntary Action Sheffield ရဲ့အစိတ်အပိုင်းတရပ်ဖြစ်တဲ့. Volunteer Centre Sheffield က စေတနာ့ဝန်ထမ်းလုပ်ချင်တဲ့ ဒုက္ခသည်တွေနဲ့ ခိုလှုံခွင့်ရှာသူတွေကို အောက်ပါတို့အပါအဝင် အသေးစိတ် ထောက်ပံ့မှုတွေ ပေးပြီး ကူညီနိုင်ပါတယ်။ –

- စေတနာ့ဝန်ထမ်းလုပ်ဖို့ ကောင်းတဲ့နေရာတခု ရှာရာမှာ ကူညီပါမယ်။
- သင့်ကိုယ်စား အဖွဲ့အစည်းတွေကို ဖုန်းဆက်ပြီး ရက်ချိန်းတွေ စီစဉ်ပေးပါမယ်။
- လျှောက်လွှာဖြည့်ရာမှာ ကူညီပါမယ်။
- စေတနာ့ဝန်ထမ်းလုပ်ဖို့ ပထမဆုံး တွေ့ဆုံမေးမြန်းတဲ့အခါ (လိုအပ်ရင်) သင်နဲ့အတူ လိုက်ပေးပါမယ်။

## စေတနာ့ဝန်ထမ်းဆိုတာ ဘာလဲ။

စေတနာ့ဝန်ထမ်းဆိုတာက လုပ်ခမရဘဲ လူမှုအဖွဲ့အစည်းက လူတွေကို ကူညီဖို့ မိမိရဲ့ အချိန်နဲ့ ကျွမ်းကျင်မှု ပညာတွေ ပေးသူတယောက်ဖြစ်ပါတယ်။ သင့်မှာ ဒီလိုလုပ်ဖို့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ရှိပါတယ်။

စေတနာ့ဝန်ထမ်း ဘယ်နှစ်နာရီ လုပ်ပေးလိုတယ်၊ ဘယ်နေ့လုပ်ပေးလိုတယ်ဆိုတာကို ရွေးချယ်နိုင်ပါတယ်။

စေတနာ့ဝန်ထမ်းလုပ်တယ်ဆိုတာက အမြတ်အစွန်းမရ၊ ပြီးတော့/ဒါမှမဟုတ် လူမှုအဖွဲ့အစည်းကို ကူညီနေတဲ့ အဖွဲ့အစည်း၊ အုပ်စု ဒါမှမဟုတ် စေတနာအဖွဲ့အစည်းတရပ်ကို အကူအညီပေးတာဖြစ်ပါတယ်။

## စေတနာ့ဝန်ထမ်းလုပ်ခြင်း၏ အကျိုးကျေးဇူးများ

သူတပါးကို ကူညီရင်း သင့်အတွက် အောက်ပါ အထောက်အကူတွေ ရနိုင်ပါတယ် –


| | |
|---|---|
| သင့်ရဲ့ကျွမ်းကျင်မှုပညာတွေသုံးပြီး ပညာအသစ်တွေ သင်နိုင်ပါတယ်။ – အခမဲ့သင်တန်း တက်နိုင်ပါတယ်။ | လူသစ်တွေနဲ့တွေ့ပြီး – မိတ်ဆွေသစ်တွေ ရနိုင်ပါတယ်။ |
| ယူကေအလုပ်ခွင်ပတ်ဝန်းကျင်မှာ အတွေ့အကြုံ ရယူနိုင်ပါတယ်။ | အင်္ဂလိပ်စာ တိုးတက်လာနိုင်ပါတယ်။ |
| အလုပ်ရရှိရေးမှာ အထောက်အကူဖြစ်ဖို့ ထောက်ခံပေးမဲ့သူတယောက်ယောက် ရနိုင်ပါတယ်။ | သင့်ရဲ့ အသိုင်းအဝိုင်းအတွက် ဝိုင်းဝန်း ကူညီနိုင်ပါတယ်။ |

## ပိုက်ဆံရမလား – စေတနာ့ဝန်ထမ်းလုပ်ဖို့ ကုန်ကျစရိတ် ရှိမလား။

စေတနာ့ဝန်ထမ်းတွေက လုပ်ခမရပေမဲ့ ကုန်ကျစရိတ်တွေအတွက် ပိုက်ဆံရပါတယ်။ ဥပမာ၊ အဖွဲ့အစည်းတခုကို သွားဖို့ ဘတ်စကားလက်မှတ်ဝယ်ရရင် အဲဒီအဖွဲ့အစည်းက ဘတ်စကားလက်မှတ်ဖိုး ပေးပါမယ်။ အထောက်အထားအနေနဲ့ လက်မှတ်ကို သိမ်းထားရပါမယ်။ တနေကုန် ဒါမှမဟုတ် ၄ နာရီကျော် စေတနာ့ဝန်ထမ်းလုပ်ရင် တချို့နေရာတွေမှာ နေ့လယ်စာအတွက် ပိုက်ဆံပေးပါမယ်။

## ခိုလှုံခွင့်တောင်းခံသူတွေရော စေတနာ့ဝန်ထမ်း လုပ်နိုင်သလား။


**လုပ်နိုင်ပါတယ်။** ခိုလှုံခွင့်တောင်းခံသူတွေမှာ စေတနာ့ဝန်ထမ်းလုပ်ခွင့် ရှိပြီး လုပ်နိုင်တဲ့အတိုင်းအတာ ကန့်သတ်ချက် မရှိပါဘူး။ သင့်ရဲ့ NASS အထောက်အပံ့အပေါ် သက်ရောက်မှု မရှိပါဘူး။ သင့်ရဲ့ Home Office ခိုလှုံခွင့် လျှောက်လွှာအပေါ် သက်ရောက်မှု မရှိပါဘူး။



မြန်မာဇနီးမောင်နှံနှစ်ယောက်က အင်္ဂလိပ်စာတိုးတက်အောင် စေတနာဆိုင်တဆိုင်မှာ လုပ်အားပေးနေပါတယ်။

## အလုပ်စင်တာကို ပြောရမှာလား။

သင်က ဒုက္ခသည်တယောက်ဖြစ်ပြီး Job Centre Plus က အကျိုးခံစားခွင့်တွေ ရနေတယ်ဆိုရင် စေတနာ့ဝန်ထမ်း လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ၁။ တက်တက်ကြွကြွ အလုပ်ရှာနေရပါမယ်။ ပြီးတော့ ၂။ အလုပ်ရတဲ့အခါ စေတနာ့ဝမ်ထမ်းအလုပ်ကို လက်လွှတ်ဖို့ လိုလိုလားလား ရှိရပါမယ်။



Chatsworth House ကို တနေ့တာခရီးသွားကြတဲ့ စေတနာ့ဝန်ထမ်းတွေ

## သင့်ရဲ့အင်္ဂလိပ်စာ အဆင့် ဘယ်လောက်ရှိသလဲ။

ဥပမာ၊ ဥယျာဉ်မှာ အလုပ်လုပ်တာ၊ လက်တွေ့လုပ်တာ ဒါမှမဟုတ် ကော်ဖီလိုက်ထည့်ပေးတာစတဲ့ တချို့ စေတနာ့ဝန်ထမ်းအလုပ်တွေက အင်္ဂလိပ်စာ သိပ်မလိုပါဘူး။ အကြံပေးတဲ့အလုပ် ဒါမှမဟုတ် ညှိ့ကြို အလုပ်တွေက အင်္ဂလိပ်စာအဆင့် အတော်မြင့်ဖို့ လိုပါတယ်။ မေးသာကြည့်ပါ – သင်လုပ်နိုင်တာ တခုခု ရှိပါလိမ့်မယ်။

## ဥပမာ စေတနာ့ဝန်ထမ်းအလုပ်တွေက ဘာတွေလဲ။

အီရန်နိုင်ငံက စာရင်းကိုင်တယောက်က သူ့ပညာတွေနဲ့ အရပ်ထဲက စေတနာအဖွဲ့အစည်းတခုကို ကူညီပါတယ်။
အရီထရီးယန်းနိုင်ငံက အမျိုးသားတယောက်က Leonard Cheshire က မသန်စွမ်းသူတွေကို ကူညီပါတယ်။
ဇင်ဘာဘွေက အမျိုးသမီးတယောက်က အကြံပေးအလုပ်သမားအဖြစ် စေတနာ့ဝန်ထမ်းလုပ်နေပါတယ်။
မြန်မာဇနီးမောင်နှံနှစ်ယောက်က အင်္ဂလိပ်စာတိုးတက်အောင် စေတနာဆိုင်တဆိုင်မှာ လုပ်အားပေးနေပါတယ်။

## စေတနာ့ဝန်ထမ်းများ၏ပြောဆိုချက်များ။ ။

- အဓိက အကျိုးကျေးဇူးကတော့ အလုပ်အတွေ့အကြုံပါပဲ။ အင်္ဂလိပ်စကား တိုးတက်သွားပြီး စေတနာ့ဝန်ထမ်း လုပ်တာက အလုပ်ရဖို့ အထောက်အကူဖြစ်သွားတယ်။ – တက်စ်ဖေး၊ အရီထရီးယား
- ကျမရဲ့ ပြောဆိုဆက်ဆံရေးတိုးတက်သွားပြီး လူသစ်တွေနဲ့တွေ့ရတယ်။ စေတနာ့ဝန်ထမ်း စလုပ်ကတည်းက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေ တိုးလာတယ်။ – အမီနာ၊ ဆိုမားလီးယား
- လူသစ်တွေတွေ့ဖို့၊ သူတို့ရဲ့ ယဉ်ကျေးမှုတွေအကြောင်းသိဖို့ အထောက်အကူဖြစ်ပါတယ်။ – ရေဇာ၊ အီရန်